# မြန်မာနိုင်ငံကျန်းမာရေးစနစ်တိုးတက်ပြောင်းလဲမှုဆိုင်ရာနှီးနှောဖလှယ်ပွဲ

## ထုတ်ပြန်ကြေငြာချက်

ရက်စွဲ - ၂၀၁၆ ခုနှစ်၊ မတ်လ(၃၀)ရက်

မြန်မာနိုင်ငံတိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ ၊ နယ်စပ်ဒေသအခြေစိုက်လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်းများ ၊ မြန်မာနိုင်ငံဆရာဝန်များ ၊ တတ်သိပညာရှင်များ ၊ အမျိုးသမီးနှင့်လူငယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် ပ ပညာရေး ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၊ ဥပဒေပညာရှင်များ နှင့် အခြားသောလူထုအခြေပြုအဖွဲ့အစည်းများမှ ကို ကိုယ်စားလှယ်(၉၀)ဦးကျော် တက်ရောက်သော မြန်မာနိုင်ငံကျန်းမာရေးစနစ် တိုးတက်ပြောင်းလဲမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Health Reform towards a Devolved Health System in Burma) ကို ၂၀၁၆ ခုနှစ် မတ်လ (၂၄)ရက်မှ (၂၅)ရက်အထိ နယ်စပ်ဒေသတနေရာတွင်ကျင်းပပြုလုပ်ခဲ့ပါသည်။

ဤနှီးနှောဖလှယ်ပွဲတွင် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏ မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံအစိုးရ၏ ကျန်းမာ ရေး ဆိုင်ရာမူဝါဒနှင့်လုပ်ငန်းစဉ်များအပြင် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပါ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့်ပါတ်သက်သော လုပ်ငန်းများ ကို ဆွေးနွေးသုံးသပ်ခဲ့ပါသည်။

ပြောင်းလဲလာသည့်နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်အညီ ကျန်းမာရေးဆိုင်ရာမူဝါဒနှင့်စနစ်တို့ကိုပြုပြင်ပြောင်းလဲရေးအတွက် အစိုးရသစ်ထံသို့ တောင်းဆိုချက်များနှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏ မူဝါဒဆိုင်ရာရပ်တည်ချက်များကို အောက်ပါအတိုင်း ဆွေးနွေးချမှတ်ခဲ့ပါသည်။

၁။ ဒေသတွင်း စစ်ပွဲနှင့်ပဋိပက္ခများသည် ကျန်းမာရေးအခြေအနေပိုမိုဆိုးရွားမှုကိုဖြစ်စေသောကြောင့် စစ စစ်မှန်သော ပြည်တွင်း ငြိမ်းချမ်းရေးကို အမြန်ဆုံးတည်ဆောက်ပေးရန်။

၂။ ပဋိပက္ခကြောင့်ထိခိုက်ခံစားနေရသော တိုင်းရင်းသားလူထုများနှင့်ဝေးလံသီခေါင်သောဒေသများအတွက် ဘဏ္ဍာငွေ တိုးမြင့်ချမှတ်သုံးစွဲမှု၊ ဆရာဝန်နှင့်ကျန်းမာရေးဆိုင်ရာ လူသားအရ င်းအမြစ် ဖွံ့ဖြိုးရေးပါဝင်သော အထူးဦးစားပေးလုပ်ငန်းစဉ် များကို ဒေသဆိုင်ရာလိုအပ်များနှင့်အညီ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်။

၃။တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ကျန်းမာရေးဝန်ကြီးဌာနနှင့်ပြည်နယ်နှင့်တိုင်းဒေသကြီးပြည်သူ့ကျ ကျန်းမာရေးဦးစီးဌာနများ ပါဝင်သော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးအတွက်ဖော်ဆောင်ပေးရန်။

၄။ လူတိုင်းအတွက် အလုံးစုံလွှမ်းခြုံသောကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီစေရေးအတွက် ပုဂ္ဂလိက ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ကျန်းမာရေးဆောင်ရွက်မှုများ ကို အားပေးမြှင့်တင် ပံ့ပိုးသွားရန်။

၅။ ဒေသအတွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ကျန်းမာရေးနှင့်လူမှုဘဝလုံခြုံမှုအပေါ် ထိခိုက်စေနိုင်မည့် အကြောင်းအချက်များကို ကြိုတင်ဆန်းစစ်အကဲဖြတ်ခြင်း ၊ စောင့်ကြည့်လေ့လာခြင်းများကို ဒေသခံ တိုင်းရင်းသားများ အပါအဝင် လူထုအခြေပြုအဖွဲ့အစည်းများ ၊ နည်းပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်။

၆။ အမျိုးသားကျန်းမာရေးစီမံကိန်း ရေးဆွဲချမှတ်အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ဒေသဆိုင်ရာ အဆင့်ဆင့်သို့ တာဝန်ခွဲဝေအုပ်ချုပ်သည့်စနစ်ကို ဦးတ ည်ဆောင်ရွက်စေရမည်။ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းမှုမှုအတိုင်း ဦးတည်စေရမည်။

၇။ လက်ရှိ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်နေသည့် ကြားကာလနှင့် အသွင်ကူးပြောင်းရေးကာလအတွင်း တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုစနစ် (လုပ်ပိုင်ခွင့်နှင့်စီမံအုပ်ချုပ်မှု)ကို ဆက်လက်ထိန်းသိမ်းပြီး အသအသိအမှတ်ပြုကာ ပူးပေါင်းဆောင်ရွက်သွားစေရမည်ဖြစ်သည်။

၈။ မြန်မာနိုင်ငံ၏နိုင်ငံရေးပြုပြင်ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုနှင့်အညီ အမျိုးသားကျန်းမာရေးမူဝါဒနှင့်စနစ်ကို ပြုပြင်ပြောင်းလဲ ရေးဆွဲချမှတ်ရာတွင် တိုင်းရင်းသားနှင့်လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်းများနှင့် လူမှုကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ခွင့် ရှိစေရမည်။

၉။ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများ၏ ကျန်းမာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု ရှိစေရမည်။

၁၀။ နိုင်ငံတော်အမျိုးသားဝင်ငွေနှင့် နိုင်ငံခြားဝင်ငွေများမှ ကျန်းမာရေးအသုံးစရိတ်ကိုတိုးမြှင့်ပြီး ဆင်းရဲနိမ့်ကျပြီး ကျန်းမာရေးအခြေအနေလွန်စွာဆိုးရွားနေသောဒေသများအတွက် ဦးစားပေးကာ မျှမျှတတ ခွဲဝေသုံးစွဲစေရမည်။

၁၁။ အစိုးရ ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုင်းရင်းသားဒေသတွင်း အကောင်အထည် ဖော် ဆောင်ရွက်ရာတွင် ဒေသခံကျန်းမာရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကိုရယူရမည်။

ဆက်သွယ်ရန်

၁။ ဒေါက်တာစင်သီယာမောင် (+၆၆၈၉၉၆၁၅၀၅၄)
၂။ နိုင်လဝီအောင် (+၉၅၉၂၅၅၉၄၈၀၀၃)
၃။ စောနေထူး (+၆၆၈၁၁၉၀၂၂၁၇)